# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်

## ပဉ္စမပုံမှန်အစည်းအဝေး ပထမနေ့အစီအစဉ်

## ၁၈ - ၅ - ၂၀၁၇ ရက် (ကြာသပတေးနေ့) ( ၁၃၃၀ နာရီ )

၁။ ပြည်ထောင်စုလွှတ်တော် နာယက နေရာယူခြင်း။

၂။ ပြည်ထောင်စုလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပြည်ထောင်စုလွှတ်တော် ပထမနေ့ အစည်းအဝေးအစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။

၅။ ပြည်ထောင်စုလွှတ်တော် နာယက က နှုတ်ခွန်းဆက်စကား ပြောကြားခြင်း။

၆။ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်းကို တင်ပြခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ခြင်း။

၇။ ပြည်ထောင်စုလွှတ်တော် နာယက၊ ကော်မရှင်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များကို တင်ပြခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ခြင်း။

၈။ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီတွင် အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ ပြောင်းလဲတာဝန်ပေးအပ်ခြင်းကို တင်ပြခြင်း နှင့် လွှတ်တော်က မှတ်တမ်းတင်ခြင်း။

၉။ နိုင်ငံတော်သမ္မတရုံးမှ ပေးပို့သော မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ပယ်ဖျက်ခြင်းတို့ကို တင်ပြခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ခြင်း။

၁၀။ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကြိုတင်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များအတွက် ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ

ဥပဒေပါ သီးသန့်ရန်ပုံငွေမှကျပ် ၁၁၃၃၃.၁၂၂ သန်း ခွဲဝေသုံးစွဲခဲ့သည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ အောက်ပါ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ရှင်းလင်းတင်ပြခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ခြင်း-

(က) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

(ခ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန။

၁၁။ နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာဖတ်ကြားတင်ပြခြင်း။

၁၂။ အထက်ပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၃။ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အရှေ့တောင်အာရှသဘာဝ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာစီမံကိန်းကို အကောင်အထည်ဖော်ရန် အတွက် ကမ္ဘာ့ဘဏ်ထံမှ ချေးငွေ အမေရိကန်ဒေါ်လာ ၁၂၅ သန်း ချေးယူရန် ကိစ္စနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

၁၄။ အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၅။ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာရှဒေသသစ်တောပူးပေါင်းဆောင်ရွက်မှု အဖွဲ့အစည်းတည်ထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်ကို မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရန်ကိစ္စနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

၁၆။ အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၇။ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အိန္ဒိယသမုဒ္ဒရာဒေသတွင်း ဆိပ်ကမ်းနိုင်ငံများ၏ စစ်ဆေးပိုင်ခွင့်ဆိုင်ရာနားလည်မှုစာချွန်လွှာတွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်

အဖြစ် အတည်ပြုပါဝင်ရန်ကိစ္စနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

၁၈။ အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၉။ ပြည်ထောင်စုလွှတ်တော် နာယက က အစည်းအဝေး ပထမနေ့ ရပ်နားကြောင်း နှင့် ဒုတိယနေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။